# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 4, 2020 | Volume 35, Number 4


၄.၉.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၅ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၅၄/- ကျပ် |
| CBM Rate | = ၁၃၃၃.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၈.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၅.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၅၅.၇ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၉၇၂.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၂၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၅၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## COVID-19 ရိုက်ခတ်မှုကြောင့် ဒေသတွင်းနိုင်ငံများ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုနှင့် FAO ၏ တုံ့ပြန်ဆောင်ရွက်ပေးမှုများကို မြန်မာနိုင်ငံက တက်ရောက်ဆွေးနွေး



COVID-19 ရိုက်ခတ်မှုကြောင့် ဒေသတွင်းနိုင်ငံများ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေး ကဏ္ဍအပေါ်သက်ရောက်မှုနှင့် FAO ၏ တုံ့ပြန်ဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို မြန်မာနိုင်ငံက တက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO၏ အာရှ-ပစိဖိတ်ဒေသ ဆိုင်ရာ (၃၅) ကြိမ်မြောက် ဒေသတွင်းအစည်းအဝေးကို FAO Regional Office က ကြီးမှူး၍ ဘူတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ပြီး Virtual Mode ဖြင့် စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ လေးရက်ကြာကျင်းပသွားမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား စီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းတက်ရောက်ခဲ့ပြီး အဖွဲ့ဝင်များအဖြစ် စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန္တာကြည်နှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနခွဲ ညွှန်ကြားရေး ဒေါ်ခင်မာဦးတို့ တက်ရောက်ကြကြောင်းသိရသည်။

Virtual Mode ဖြင့် လေးရက်ကြာ ကျင်းပသည့် အဆိုပါအစည်းအဝေး၏ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးတွင် COVID-19 ရိုက်ခတ်မှုကြောင့် ဒေသတွင်း နိုင်ငံများ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍအပေါ်သက်ရောက်မှုနှင့် FAO ၏ တုံ့ပြန် ဆောင်ရွက်ပေးမှုများအပေါ် အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ရေစီမံခန့်ခွဲမှုအတွက် ဒေသတွင်းဦးစားပေး အစီအစဉ်များချမှတ်ခြင်း၊ ပစိဖိတ်ဒေသ တွင်း စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝရေးသေချာစေရန် လုပ်ကွက်ငယ်ရေလုပ်သားများ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အတွက် ပြန်လည်ထူထောင်ရေးအစီအစဉ်များချမှတ်ရေး၊ အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံများအတွက် ဘေးဒဏ်ခံနိုင်ပြီး ရေရှည်တည်တံ့သည့်စားနပ်ရိက္ခာစနစ် ထူထောင်ခြင်း ဆိုင်ရာနှင့် Multi -year Programme of Work (MYPOW) (2020-2023) ရေးဆွဲရေး၊ FAO ၏ (၂၀၁၈ -၂၀၁၉) ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များ၊ FAO ၏ New Strategic Framework နှင့် ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်းဒေသတွင်း ကနဦးအကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် ပြန်လည်စိစစ် သုံးသပ်ရေးဆွဲခြင်း ကိစ္စရပ်များ၊ ဗဟိုအဆင့်မှ ဒေသတွင်းနိုင်ငံများ၏ လိုအပ်ချက်များအရ ချဉ်းကပ်ဆောင်ရွက်မည့်စနစ်သို့ ကျင့်သုံးမည့် Decentralized Offices Business Model အပေါ် ပြန်လည် စိစစ်သုံးသပ်ခြင်းကိစ္စရပ်များ၊ နောက်တစ်ကြိမ် ကျင်းပမည့် FAO ၏ (၃၆) ကြိမ်မြောက် ဒေသတွင်းအစည်းအဝေးရက်နှင့် ကျင်းပမည့်နေ့ရက်ရွေးချယ်အတည်ပြုခြင်းတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

COVID-19 အလွန်ကာလတွင် မြန်မာနိုင်ငံကို စားနပ်ရိက္ခာထုတ်လုပ်ရောင်းချသောနိုင်ငံအဖြစ် ဆောင်ရွက်နိုင်မည့်အပေါ် အမြင်သဘောထားများကြိုဆိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် COVID-19 ရောဂါကြောင့် ထိခိုက်နစ်နာမှုများ လျော့ပါးရေးနှင့် ကုစားရေးအတွက် အစွမ်းကုန်ကြိုးပမ်းနေရသ ကဲ့သို့ COVID-19 အလွန် ကာလဖြစ်ပေါ် လာနိုင်သည့် ဆက်ဆံရေးပုံစံသစ် New Normal အရ အထူးသဖြင့် စီးပွားရေးကို မည်သည့်ပုံစံဖြင့် ဆက်လက်ထူထောင်ကြမည်ဆိုသည်ကို အရေးတကြီး ဖော်ညွှန်း ဆွေးနွေးပြင် ဆင်လုပ်ကိုင်နေကြကြောင်း၊ မြန်မာနိုင်ငံသည်လည်း COVID-19 အလွန်ကာလ Newe Normal အရ စီးပွားရေး မည်ကဲ့သို့ပုံစံသစ်ဖြင့် ရှေ့ဆက်သွားကြမည်ကို လေးလေးနက်နက်စဉ်းစားညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

**Source:** https://news-eleven.com/article/190573

## တရုတ်နိုင်ငံရှိ မြန်မာနိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများ တရားဝင်မှတ်ပုံတင်ရန် အချိန်တိုးပေး



တရုတ်နိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင် လျှောက်ထားရမည့်အချိန်ကို နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ချိန်အထိ အချိန်တိုးပေးလိုက်ကြောင်း မူဆယ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ COVID-19 ကပ်ရောဂါဖြစ်နေချိန်တွင် တရုတ်အစိုးရက နယ်စပ်ဖြတ်ကျော် လူအဝင်အထွက် ကန့်သတ်တားဆီးထားခြင်းကြောင့် လုပ်ငန်းမှတ်ပုံတင်ခြင်းကို စက်တင်ဘာ ၃ ရက် နောက်ဆုံးသတ်မှတ်ချက်အစား အချိန်တိုးပေးလိုက်ခြင်း ဖြစ်သည်။

ရွှေလီ၊ ကျယ်ဂေါင်ရှိ မြန်မာနိုင်ငံသားပိုင် ကုန်တင်ယာဉ်ဂိတ်များ၊ စီးပွားရေးလုပ်ငန်းများ ဩဂုတ် ၂၅ ရက်က စတင်ပြီး တရုတ်အစိုးရထံတွင် တရားဝင်မှတ်ပုံတင်ရမည်ဟု တယ်ဟုန်ပြည်နယ်ခွဲအစိုးရက စာထုတ်ပြန်ခဲ့သည်။ တရားဝင် မှတ်ပုံတင်ခြင်းလုပ်ငန်းကို အချိန် ၁၀ ရက်အတွင်း အပြီးလုပ်ဆောင်ရမည်ဟု အသိပေးထားပြီး စီးပွားရေးလုပ်ငန်းများကိုလည်း တရုတ်နိုင်ငံသားများနှင့် အကျိုးတူ ပူးပေါင်း လုပ်ဆောင်ရမည်ဟုလည်း ထုတ်ပြန်ထားသည်။

တရုတ်အစိုးရ၏ အသိပေးစာက COVID-19 ကပ်ရောဂါဖြစ်နေချိန်တွင် ဆောင်ရွက်ရန်ခက်ခဲသဖြင့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များက ဩဂုတ် ၂၇ ရက် တွင် အစည်းအဝေးပြုလုပ်ပြီး အချက်ငါးချက်ကို တောင်းဆိုခဲ့သည်။ "လတ်တလော ဖြေလျှော့ပေးလိုက်တာက ယာယီပဲ။ ပြီးတော့ အချက်တစ်ခုပဲရတာပါ" ဟု မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။ တရုတ်အစိုးရ၏ မူဝါဒအပြောင်းအလဲက မြန်ဆန်ခြင်းကြောင့် လက်ရှိအခြေအနေကို စောင့်ကြည့်ရမည်ဟုလည်း ၎င်းကဆိုသည်။

တရုတ်နိုင်ငံအတွင်းရှိ မြန်မာစီးပွားရေးလုပ်ငန်းများ၏ တောင်းဆိုချက်မှာ ကုန်ကားဂိတ် လုပ်ငန်းလိုင်စင်များကို မြန်မာနိုင်ငံသားမှတ်ပုံတင်ဖြင့် လုပ်ငန်းလိုင်စင်လျှောက်ခွင့်ပြုရန်၊ လိုင်စင်လျှောက်ထားမှုကို သတ်မှတ် ၁၀ ရက်အစား

နယ်စပ်ဖြတ်ကျော် လူဝင်လူထွက် ခွင့်ပြုချိန်အထိအချိန်တိုးပေးရန်၊ ကုန်ကားဂိတ်များတွင် အလုပ်သမားများကို ကုန်ဂိတ်တာဝန်ခံမှုဖြင့်ခွင့်ပြုပေးရန်၊ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် တရုတ်နိုင်ငံဘက်မှ ထုတ်ပြန်သည့် စပေါ်ငွေသတ်မှတ်ချက် ပယ်ဖျက်ဖြေလျှော့ပေးရန်၊ တရုတ်နိုင်ငံမှ သတ်မှတ်သော စည်းမျဉ်းစည်းကမ်းများဖြင့် လူဝင်လူထွက်ခွင့်ပြုပေးရန်တို့ဖြစ်သည်။ ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးအတွက်လိုအပ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများအပါအဝင် သွင်းအားစုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ မြန်မာနိုင်ငံသို့ တင်သွင်းရန် ကျယ်ဂေါင်တွင် ကုန်တင်ယာဉ်ဂိတ် ၁,၀၀၀ ကျော်ဖွင့်လှစ်ထားသည်။ ထို့အပြင် ဂိုဒေါင်များငှားရမ်းပြီး မြန်မာနိုင်ငံမှပို့ဆောင်သောကုန်စည်များကို သိုလှောင်ထားရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

**Source: https://7day.news/detail?id=197811**

## COVAX အစီအစဉ်တွင်ပါဝင်ရန် ချမ်းသာသော ၇၆ နိုင်ငံ ကတိပြုဟု COVID-19 ကာကွယ်ဆေးအဖွဲ့ပြော



ကာကွယ်ဆေးဝယ်ယူပြီး မျှမျှတတ ဖြန့်ဝေရေး အထောက်အကူပြုရန် ရည်ရွယ်သည့် COVAX အစီအစဉ်တွင် ပါဝင်ရန် ချမ်းသာသည့်နိုင်ငံ ၇၆ နိုင်ငံက ကတိပြုထားသည်ဟု ယင်းအစီအစဉ်ပူးတွဲဦးဆောင်သူတစ်ဦးကပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)နှင့် GVAI ကာကွယ်ဆေး မဟာမိတ်အဖွဲ့တို့က ပူးတွဲဦးဆောင်ကာ COVAX အစီအစဉ် ဖော်ဆောင်မည်ဖြစ်သည်။

ယခုအခါ ဂျပန်၊ ဂျာမနီ၊ နော်ဝေးနှင့် အခြားနိုင်ငံပေါင်း ၇၀ ကျော်တို့က ယင်းအစီအစဉ်တွင်ပါဝင်ရန် လက်မှတ်ရေးထိုးပြီး ယခုအစီအစဉ်မှတစ်ဆင့် ၎င်းတို့၏ လူဦးရေအတွက် COVID- 19 ကာကွယ်ဆေးများဝယ်ယူရန် မူအားဖြင့်သဘောတူထားကြောင်း GAVI အမှုဆောင်ချုပ် ဘာကလေကပြောသည်။ "ဒီအစီအစဉ်မှာပါဝင်ဖို့ အတည်ပြုထားတဲ့ ဝင်ငွေအလယ်အလတ်ရှိတဲ့ နိုင်ငံနဲ့ ဝင်ငွေမြင့်မားတဲ့ နိုင်ငံပေါင်း ၇၆ နိုင်ငံရှိလာပါပြီ။ ဒီထက်များလာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဒါက သတင်းကောင်းပါ" ဟု ဘာကလေကပြောသည်။

COVAX ပေါင်းစပ်ညှိနှိုင်းရေးမှူးများက ယခုအစီအစဉ်တွင် တရုတ်နိုင်ငံပါဝင်ခြင်းရှိ၊ မရှိ ဆွေးနွေးညှိနှိုင်းနေသည်ဟု ဘာကလေကပြောသည်။ "ဒီကိစ္စနှင့်ပတ်သက်လို့ မနေ့တုန်းက တရုတ်အစိုးရနဲ့ဆွေးနွေးခဲ့ပါတယ်။ အခုထိတော့ သူတို့နဲ့ ဘာသဘောတူညီမှုမှ လက်မှတ်မထိုးရသေးဘူး။ ဒါပေမဲ့ တရုတ်အစိုးရဆီကနေ အပြုသဘောဆောင်တဲ့ အချက်ပြမှုရရှိပါတယ်"ဟု ဘာကလေက ထပ်လောင်းပြောသည်။ COVAX အစီအစဉ်ကို GAVI, WHO နှင့် CEPI အဖွဲ့တို့က ဦးဆောင်ပြီး COVID-19 ကာကွယ်ဆေးကို အပိုင်စီးခြင်းမှ ကာကွယ်ရန်ရည်ရွယ်ပြီး နိုင်ငံတိုင်းစီရှိ ရောဂါကူးစက်နိုင်ခြေ အမြင့်ဆုံးရှိသူများကို ကာကွယ်ဆေး ဦးစွာထိုးနှံပေးနိုင်ရေး အာရုံစိုက်သည်။

**Source:** https://7day.news/detail?id=197841

## မိုးကုတ်မြို့ ထာပွဲများကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီဆက်ဖွင့်နေ



မန္တလေးတိုင်း မိုးကုတ်မြို့က ကျောက်မျက်ရတနာဈေး (ထာပွဲ) တွေကို ဖွန်လ ၁ ရက်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့တာမှာ တိုင်းဒေသကြီးအစိုးရရဲ့ ညွှန်ကြားချက်၊ လမ်းညွှန်မှု စည်းကမ်းချက်တွေနဲ့အညီ ဆက်လက်ဖွင့်လှစ်ထားတယ်လို့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှုနှုန်း မြင့်မားလာတာကြောင့် ထာပွဲလာသူတွေကို စနစ်တကျ လက်ဆေးခိုင်းတာ၊ အပူချိန်တိုင်းတာ၊ Mask တပ်စေတာ၊ Hand Gel သုံးပြုဖို့ကို ထာပွဲအဝင်အထွက်တွေမှာ စစ်ဆေးနေတယ်လို့ဆိုပါတယ်။

ကျောက်မျက်ကုန်သည် အသေးစားလေးတွေ၊ အခြေခံလူတန်းစားတွေ လာရောက်နေတာကြောင့် ပိတ်ပစ်လို့လည်း မဖြစ်ဘူးလို့ဆိုပါတယ်။

ထာပွဲတွေဖွင့်တဲ့အခါ အခက်အခဲတွေရှိပေမယ့် ကိုဗစ်-၁၉ အရေးပေါ်ကာကွယ်ရေးကော်မတီတွေနဲ့ မြို့မိမြို့ဖတွေ ညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင်နဲ့ ဆက်လက်ဖွင့်လှစ်နေကြောင်း မဏိမင်္ဂလာထာပွဲကော်မတီဝင် ဦးစိုးစိုးကပြောပါတယ်။ မီးသတ်၊ ကြက်ခြေနီနဲ့ တခြားကော်မတီတွေပူးပေါင်းပြီး ထာပွဲလာသူတွေကို လက်သေချာဆေးစေတာ၊ Mask တပ်စေတာ လူခွဲနေခိုင်းတာစတဲ့ စည်းကမ်းချက်လမ်းညွှန်ချက်တွေနဲ့အညီ ဖွင့်လှစ်နေတာလည်းဖြစ်ပါတယ်။ မိုးကုတ်ထာပွဲတွေကို ဧပြီလကတည်းက ပိတ်ထားခဲ့တာဖြစ်ပြီး ဇွန်လ ၁ ရက်နေ့ ဈေးတွေပြန်ဖွင့်ကတည်းက ပြန်လည်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။

**Source: https://news.ydnp.net/370976/**

## ဒုတိယကိုဗစ်လှိုင်းကြောင့် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံဈေးကွက် ထိခိုက်နိုင်



ကိုဗစ် ဒုတိယလှိုင်းကြောင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ဈေးကွက်များတွင် ထိခိုက်မှုများရှိလာနိုင်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောသည်။ "ကိုဗစ် ပထမလှိုင်းတုန်းကလည်း ဖရဲစိုက်တဲ့သူတွေ တော်တော်ထိသွားတော့ တစ်ချို့လည်း မစိုက်ကြတော့ဘူး။ တစ်ချို့လည်း စိုက်ကြတယ်။ တစ်ချို့ စိုက်ထားတာတွေက အသီးထွက်တော့မယ်ဆိုတော့ အခု ဒုတိယလှိုင်းနဲ့ အခက် အခဲတွေ အများကြီးဖြစ်နိုင်တာပေါ့။ နောက်ပိုင်း ကျွဲကောသီးကလည်းထွက်တော့မယ်။ စက်တင်ဘာ၊ အောက်တိုဘာဆို ကျွဲကောသီး လှိုင်လှိုင်ထွက်ပြီ။ အဲဒီအချိန်ဆို သက်ရောက်မှုတွေ အများကြီးဖြစ်နိုင်တာပေါ့။ ဟင်းသီးဟင်းရွက်တွေလည်း အဲလိုပဲ ထိခိုက်မှုတွေ အများကြီး ဖြစ်နိုင်တယ်" ဟု ဦးစိုးသန်းမင်းဒင်ကပြောသည်။

ထို့ကြောင့် ပြည်တွင်းဈေးကွက် တိုးချဲ့ရှာဖွေပေးနေသကဲ့သို့ ရန်ကုန်မြို့ သီရိမင်္ဂလာဈေးတွင် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနိုင်ရန်နှင့် ကုန်စည်ဒိုင်များတွင် ရောင်းချနိုင်ရန် ကြိုးစားနေကြောင်း ၎င်းကပြောသည်။ အလားတူ ရန်ကုန်မြို့တွင် လိုက်လံရောင်းချနေသည့် ဟင်းသီးဟင်းရွက်နှင့် တောင်သူဈေးကားများကို အစီးရေထပ်တိုးမှုများ ပြုလုပ်ရန်လည်း ပြင်ဆင်နေကြောင်း သိရသည်။

ဈေးကွက်အခက်အခဲများ ဖြစ်နေသည့် တောင်သူများအတွက် ဟင်းသီးဟင်းရွက်နှင့် သီးနှံများ လက်ကားရောင်းချနိုင်သည့် လက်ကားဈေးတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တည်ဆောက်ရန်စီစဉ်နေပြီး၊ အဆိုပါ ဈေးမြေနေရာကို ကိုဗစ်ကာလအတွင်း လယ်ယာထွက်ကုန် ရောင်းချမှုများအတွက် အသုံးပြုခွင့် ရရှိထားကြောင်း သိရသည်။ ကိုဗစ်ပထမလှိုင်းကြောင့် ကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး ဖရဲ၊ သခွားမွှေး၊ သရက်နှင့်နာနတ်သီး စိုက်ပျိုးသူများ၊ များစွာထိခိုက်ခဲ့ရကြောင်း သိရသည်။အလားတူ ငှက်ပျောသီးနှင့် အုန်းသီးတို့၏ ပြည်တွင်းဈေးကွက်ကိုလည်း သက်ရောက်မှုများ ရှိခဲ့ကြောင်း သိရသည်။

**Source: The Farmer Journal**

www.facebook.com/myanmaawba/photos/a.620672077993270/3317150461678738/

## ဆိုင်ကယ်ကူရှင်စွပ် တပ်ဆင်သူများလာ၍ ကူရှင်ချုပ်လုပ်ငန်း လုပ်ကိုင်သူများအဆင်ပြေ



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဆိုင်ကယ်ကူရှင်စွပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူများ မိုးတွင်းကာလတွင် စီးပွားရေး အဆင်ပြေလျက်ရှိကြောင်းသိရသည်။ ဆိုင်ကယ်ထိုင်ခုံများမှာ ကြာရှည်အသုံးမခံဘဲ ပေါက်ပြဲလွယ်ခြင်း၊ ချိုင့်ဝင်သွားခြင်းများအပြင် ဆိုဒ်ကိုက်ညီသော အပိုပစ္စည်းရှားပါးခြင်းကြောင့် ဆိုင်ကယ်ကူရှင်ချုပ်လုပ်ငန်းဆိုင်များတွင် လာရောက်ပြုပြင်သူများရှိသကဲ့သို့ အလှတပ်ဆင်သူများကလည်း လာရောက်ပြုလုပ်လာကြခြင်းဖြစ်သည်။ ''ကျွန်တော်တို့ ကူရှင်ချုပ်လုပ်ငန်းက မိုးတွင်းနဲ့ဆောင်းတွင်းမှာ ပိုအလုပ်ဖြစ်တယ်။ မိုးတွင်းဆိုရင် ပေါက်ပြဲနေတဲ့ ဆိုင်ကယ်ထိုင်ခုံတွေက မိုးရေဝင်တာကြောင့် လာတပ်ကြတယ်။ ဆောင်းတွင်းပိုင်းဆိုရင်လည်း ညပိုင်းနှင်းတွေကျပြီး ထိုင်ခုံပေါ်စိုနေတတ်တာကြောင့် လာတပ်ကြတယ်။

အခုမိုးတွင်းပိုင်း ကာလကတော့ ကူရှင်အစွပ်တပ်သူ ပိုများပါတယ်။ နွေရာသီဆိုရင်တော့ဆိုင်ကယ်ကူရှင် အစွပ်ချုပ်ရတာ နည်းတယ်''ဟု ကူရှင်ချုပ်လုပ်ငန်းများ လုပ်ကိုင်နေသည့်ကလေးမြို့မှ ဦးခင်ပေါင်ကပြောသည်။ ဆိုင်ကယ်ကူရှင်အစွပ် တပ်ဆင်ရာတွင် ပစ္စည်းဖိုး၊ လက်ခအပါအဝင် ဆိုင်ကယ် အမျိုးအစားပေါ်မူတည်၍ တစ်စီးလျှင် ငွေကျပ် ၆ဝဝဝ မှ ၁ဝဝဝဝ အထိ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1426

## ငှက်ပျောသီးဈေးနှုန်းများကျဆင်းနေသော်လည်း ပခုက္ကူခရိုင်ရှိ ဒေသတချို့၌ ဈေးကွက်မပြတ်လည်ပတ်နေ




ဒေသတော်တော်များများရှိ ငှက်ပျောစိုက်ပျိုးသူများ ဈေးကွက်ကျဆင်းသည့်ဒဏ်ကို အနည်းနှင့်အများဆိုသလို ခံစားနေရသော်လည်း မကွေးတိုင်း၊ ပခုက္ကူခရိုင်ရှိ ဒေသတချို့၌ ငှက်ပျောဈေးကွက်မပြတ် လည်ပတ်နေကြောင်းသိရသည်။ ကိုဗစ်ကာလဆိုတော့ ငှက်ပျောဈေးကွက် နည်းနည်းအေးတယ်ဆိုပေမယ့် ကျွန်တော်တို့ပခုက္ကူဒေသမှာတော့ ကျန်တဲ့ဒေသတွေထက် ဈေးကွက်ကောင်းတယ်ခင်ဗျ။ ကျွန်တော်ငှက်ပျောငါးကေစိုက်ထားပြီး အသီးထွက်နေတာက နှစ်ကေခွဲရှိပါတယ်။ ကျွန်တော့်ခြံကတင်မလောက်လို့ ဘေးခြံတွေကနေ ယူရောင်းရတာ မျိုးတောင်ရှိတယ်။ ခြံထဲတင် အရောက်လာဝယ်ကြတာပါ။ ပခုက္ကူမှာ ကိုဗစ်ကာလမတိုင်ခင်က ငှက်ပျောသီးကို နတ်ပွဲတွေမှာ အသုံးများတယ်။ အခု ကိုဗစ်ရှိပြန်တော့လည်း ဝါတွင်းဆိုတော့ ပွဲထိုးတာ၊ ဘုန်းကြီးကျောင်းလှူတာ၊ ဥပုသ်သည်တွေအတွက် ဝယ်တာတွေရှိနေတယ်။ ဈေးကွက်ထွက်ပေါက်မရှိတဲ့ နေရာတချို့မှာတော့ ငှက်ပျောဈေးကွက် အေးနေတယ်လို့သိရပါတယ်ဟု မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ လက်ပံရှည်ပေါ်ဒေသမှ ငှက်ပျောပင်စီးပွားဖြစ်စိုက်ပျိုးသူ ကိုကျော်စိုးနိုင်ကပြောသည်။

အဆိုပါဒေသတွင် ဖီးကြမ်းငှက်ပျော အောက်စတစ်ဖီးလျှင် (၇၅ဝ) (၈ဝဝ) ကျပ်၊ ဖီးကြမ်းငှက်ပျောရှယ် တစ်ဖီးလျှင် (၉ဝဝ) ကျပ် ဈေးများဖြင့် ရောင်းချနေသည်။ တစ်ဖီးကိုးရာကျပ်ဆိုတာက အခုရက်မှာမှ နည်းနည်းလေးဈေးကျသွားတာ။ ပြီးခဲ့တဲ့ရက်ကဆို တစ်ထောင်ကျပ်အထိရပါတယ်။ မကွေးတိုင်းတစ်တိုင်းတည်းဆိုပေမယ့် မြိုင်နယ်၊ ရေစကြိုနယ်တို့လို အနီးအနားနယ်တွေက နည်းနည်းလည်းခေါင်တော့ ငှက်ပျောသီးအစားများတယ်။ အဲ့ဒီဒေသတွေမှာ ရေလည်းရှားတော့ ငှက်ပျောစိုက်ဖို့ အဆင်မပြေတာကြောင့် ကျွန်တော်တို့ဘက်က ငှက်ပျောကို အားထားနေရတယ်။ ထွက်တဲ့ငှက်ပျောသီးကို ဒိုင်ခံကို ဝယ်ကြတယ်။ ဒါ့ကြောင့် ငှက်ပျောဈေးကွက်ကမပြတ်ဘဲ တွင်ကျယ်နေတာပါခင်ဗျာဟု ကိုကျော်စိုးနိုင်က ဆက်လက်ပြောသည်။

မကွေးတိုင်းအတွင်း သဘာဝမိုးရေကိုသာ အဓိကအားထားရသည့် ဒေသတချို့တွင် ရေရှားပါးသဖြင့် ငှက်ပျောစိုက်ပျိုးမှု မပြစ်ထွန်းသော်လည်း ဧရာဝတီမြစ်ရေတင်စီမံကိန်းရှိသည့် မကွေးတိုင်း၊ ပခုက္ကူခရိုင်နှင့် မန္တလေးတိုင်း၊ ညောင်ဦးနယ်ကြားရှိ လက်ပံရှည်ပေါ်ဒေသ အနီးတဝိုက်ဒေသများတွင်မူ ရေအခက်အခဲမရှိသဖြင့် ငှက်ပျောစိုက်ပျိုးမှုဖြစ်ထွန်းကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/banana_market_update

## Pinduoduo ကုမ္ပဏီမှ စိုက်ပျိုးရေးလုပ်ငန်းများအပေါ် အဓိကထားဆောင်ရွက်လာရာ ယှဉ်ပြိုင်နိုင်မှု မြင့်တက်လာခြင်း

ရှန်ဟိုင်းအခြေစိုက် Pinduoduo ကုမ္ပဏီသည် စိုက်ပျိုးရေးကဏ္ဍအား အဓိကထားဆောင်ရွက်ရာမှ Alibaba Group Holding နှင့် JD.com တို့၏ ကျေးလက်ဒေသ e-commerce လုပ်ငန်း တွင်(၂) ဆလျော့ကျစေကာ နောင်လာမည့် (၅) နှစ်အတွင်း Pinduoduo ကုမ္ပဏီသည် ယှဉ်ပြိုင်နိုင်မှု ပိုမိုမြင့်တက်မည်ဖြစ်ကြောင်း၊ နည်းပညာများရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်းဖြင့် နောင်လာမည့် (၅) နှစ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများတန်ဖိုး ယွမ် (၁) ထရီလီယံကျော်ရန် မျှော်လင့်ထားကြောင်းနှင့် တရုတ်နိုင်ငံ၏ နံပါတ်(၁) အဆင့်ရှိ စိုက်ပျိုးရေးထွက်ကုန်များရောင်းချသည့် Platform တစ်ခု ဖြစ်လာနိုင်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် လူများစွာနှင့် ဆက်စပ်ဆောင်ရွက် လျက်ရှိပြီး လွန်ခဲ့သောနှစ်များက ဒစ်ဂျစ်တယ်လ်စနစ်အသုံးပြုမှု အနည်းဆုံး ဖြစ်ခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် ထုတ်လုပ်မှုနှင့်လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်နိုင်သည့် မည်သည့်နည်းပညာအသုံးပြုမှုမဆို ကြီးမားသည့် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး လယ်သမားများအားပံ့ပိုးနိုင်ရန် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ သိုလှောင်ရုံများ ထိန်းသိမ်းခြင်း၊ အစားအစာ ဘေးကင်းလုံခြုံရေးများအတွက်လည်း လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ Pinduoduo ကုမ္ပဏီသည် စိုက်ပျိုးရေးကဏ္ဍ၌ နာမည်ကျော်ကြားလာခြင်းမှာ COVID-19 ကာလအတွင်း ပထမဆုံး ဖြစ်ပြီး Alibaba Group Holding နှင့် JD.com တို့နှင့် နီးကပ်စွာပိုမိုယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံရှိ အလုပ်သမား (၄) ဦးတွင် (၁) ဦးမှာ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ စုစုပေါင်းဂျီဒီပီ၏ (၁၀) ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စားသုံးသူများကို ပိုမိုဆွဲဆောင်နိုင်ရန် COVID-19 ကာလအတွင်း Alibaba Group Holding ၊ Pinduoduo နှင့် JD.com တို့သည် လယ်သမားများအား ပံ့ပိုးရန် အရောင်းမြှင့်တင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အွန်လိုင်းပလက်ဖောင်းရောင်းချမှု အစီအစဉ်များကို အသီးသီး ဆောင်ရွက်လျက်ရှိကြောင်း၊ Pinduoduo သည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်း ယွမ် (၅၀) ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ပြီး ၎င်း၏ e-commerce ပလက်ဖောင်းတွင် ကျေးလက်ဒေသ အွန်လိုင်းအရောင်းဆိုင် (၁) မီလီယံကျော်ရှိလာကြောင်း၊ ကျေးလက် e-commerce လုပ်ငန်းမှာ လာမည့်ကာလအသစ်တွင် ကဏ္ဍအသစ် တစ်ရပ်ဖြစ်လာပြီး e-commerce ပလက်ဖောင်းတွင် စိုက်ပျိုးရေးကဏ္ဍမှာ အားကောင်းလာ မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်အတွင်း Pinduoduo ၏ ဝင်ငွေမှာ (၆၇) ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ယွမ် (၁၂.၁၉) ဘီလီယံရှိကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Xue Yujie က " Pinduoduo ramps up rivalry with a focus on agriculture " ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## အိန္ဒိယနိုင်ငံရှိ ပြည်နယ်အချို့၌ ရေကြီးမှုများကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်ဖွယ်ရှိခြင်း

အိန္ဒိယနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်းလုံး၌ မိုးရွာသွန်းမှု အား ကောင်းခဲ့ရာ ပုံမှန်ပျမ်းမျှမိုးရေချိန်ထက် ၂၇% ပိုမိုလျက် နှစ်ပေါင်း ၄၄ နှစ်အတွင်း ဩဂုတ်လ၏ မိုးရေချိန်အများဆုံးရရှိသည့် ကာလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ထိုကဲ့သို့ မိုးရေချိန်ပိုမိုရရှိမှုနှင့်အတူ နိုင်ငံ၏အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသရှိ ဂူဂျရတ်၊ မဟာရဋ္ဌ၊ ရာဂျပ်စတန်၊ မဒ္ဒရာပရာဒေ့ရှ်၊ ကာနာတကာ စသည့် ပြည်နယ်များ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မိုးသီးနှံစိုက်ခင်းအချို့မှာ ထိခိုက်ပျက်စီးနိုင် ဖွယ်ရာရှိကြောင်း အိန္ဒိယသတင်းဌာနများက ဖော်ပြကြပါသည်။

ဩဂုတ်လကုန်ပိုင်း ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့များ၌ မိုးရွာသွန်းမှုအားကောင်းခဲ့ခြင်း ကြောင့် မဟာရဋ္ဌပြည်နယ်

Vidarbha ဒေသအရှေ့ပိုင်း၊ Nagpur နယ်မြေရှိ ခရိုင် ၆ ခုတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ ပဲပုတ်စိုက်ခင်းပေါင်း ဟက်တာ ၇၀၀၀၀ မှ ၇၅၀၀၀ အထိ ထိခိုက်ဖွယ် ရှိကြောင်း၊ ၎င်းနယ်မြေရှိ ခရိုင် ၃ ခုမှ သီးနှံစိုက်ခင်းများ ပျက်စီးမှုရှိသည်ဟု သတင်းပို့ခဲ့ကြကြောင်း၊ အလားတူ Vidarbha ဒေသအနောက်ပိုင်း၊ Amravati နယ်မြေရှိ ခရိုင် ၂ ခုတွင်လည်း ပဲတီစိမ်းနှင့် မတ်ပဲ စိုက်ခင်းများ ရေနစ်မြုပ်မှုကြောင့် သီးနှံစိုက်ဧရိယာ ဟက်တာ ၂၀၀၀၀ ကျော် ထိခိုက်ပျက်စီးနိုင်ဖွယ်ရှိကြောင်း၊ ၎င်းဒေသများ၌ စပါးနှင့် ဝါစိုက်ခင်းများမှာ ထိခိုက်မှုမရှိဟု သိရှိ ရပြီး သက်ဆိုင်ရာအာဏာပိုင်များက အသေးစိတ်စာရင်းအချက်အလက်များ ကောက်ယူပြုစု လျက်ရှိကြောင်း၊ Vidarbha ဒေသ၌ ယခုနှစ်တွင် ပဲပုတ် စိုက်ဧရိယာ ဟက်တာ ၁၄ သိန်း၊ မတ်ပဲ ဟက်တာ ၄ သိန်းနှင့် ပဲတီစိမ်း ဟက်တာ ၃ သိန်းခန့် စိုက်ပျိုးထားရှိရာ မိုးဆက်လက် အားကောင်း နေပါက ပဲပုတ်စိုက်ခင်းများ ထိခိုက်မှုမှာ ပိုမိုလာနိုင်ဖွယ်ရှိကြောင်းဖြင့် စိုက်ပျိုးရေးဌာနမှ အဆင့် မြင့်အရာရှိ တစ်ဦး၏ပြောကြားမှုကို Times of India သတင်းဌာနက ရေးသားဖော်ပြပါသည်။

ကာနာတကာပြည်နယ်တွင် ပဲတီစိမ်းများ စတင်ရိတ်သိမ်းလျက်ရှိရာ ဩဂုတ်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုက တောင်သူများအတွက် ရိတ်သိမ်းမှုနှင့် အခြောက်ခံမှု အခက်အခဲ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ပဲတီစိမ်းများ၌ အစိုဓာတ်ပါဝင်မှု ၁၇% မှ ၂၅% အထိရှိပြီး အရည် အသွေး ထိခိုက်မှုများရှိသဖြင့် ပဲရောင်းဝယ်သူ လုပ်ငန်းရှင်များက ဝယ်ယူလိုခြင်းမရှိကြောင်း၊ ၎င်းဒေသတွင်းရှိ ကုန်စည်ဒိုင်များတွင် ပဲတီစိမ်းအသစ် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ငွေ ၄၀၀၀ မှ ၇၀၀၀ အတွင်း ဈေးနှုန်းဖြင့်သာ ဝယ်ယူလျက်ရှိကြရာ တောင်သူများအနေဖြင့် အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းများ စတင်ရန် လိုလားလျက်ရှိကြောင်း၊ ကာနာတကာပြည်နယ်၌ မိုးပဲတီစိမ်းအား ယခင်နှစ်ကထက် ၅၀% ခန့် ပိုမိုလျက် ယခုနှစ်တွင် ဟက်တာ ၃.၈၅ သိန်းအထိ တိုးမြှင့် စိုက်ပျိုးထားကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။ ၂၀၂၀-၂၁ ခုနှစ် မိုးသီးနှံရာသီ၌ စိုက်ပျိုးထွက်ရှိသည့် သီးနှံများအတွက် အထောက်အပံ့ပြုသည့်အနေဖြင့် အနိမ့်ဆုံးဈေးနှုန်းပေး၍ဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်းများအား ၁.၆.၂၀၂၀ နေ့၌ အိန္ဒိယ အစိုးရက ထုတ်ပြန်ခဲ့ရာ ပဲတီစိမ်း ၁ ကွင်တယ်လျှင် ၇၁၉၆ ရူပီးနှုန်း သတ်မှတ်ထားပါသည်။

ဂူဂျရတ်ပြည်နယ်၌ စိုက်ပျိုးထားသည့် မိုးသီးနှံဧရိယာ ဟက်တာ စုစုပေါင်း ၈၄.၅ သိန်း၏ ၉% ခန့်မှာ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ထိခိုက်ဖွယ်ရှိကြောင်း ပြည်နယ် စိုက်ပျိုးရေးဌာနက ခန့်မှန်းလျက်ရှိသည်။ အထူးသဖြင့် ပြည်နယ်အတွင်း သီးနှံစိုက်ခင်းများ ထိ ခိုက်မှု၏ ၇၅% ခန့်သည် Saurashtra ဒေသတွင် ဖြစ်ပေါ်ခဲ့ကြောင်း၊ မြေပဲနှင့် ဝါ စိုက်ခင်းများ အဓိကပျက်စီးမှုရှိပြီး နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲ စိုက်ခင်းများလည်းပါဝင်ကြောင်း Times of India သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။

အလားတူ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းလျက် ရေကြီးမှု များကြောင့် ခရိုင် ၁၄ ခုရှိ မိုးသီးနှံစိုက်ဧရိယာ ဟက်တာ ၇ သိန်းခန့်မှာ ထိခိုက်ပျက်စီးဖွယ်ရှိသည် ဟု ၎င်းပြည်နယ်၏ ဝန်ကြီးချုပ် Mr. Shivraj Singh Chouhan က ၃၁.၈.၂၀၂၀ နေ့တွင် ထုတ်ဖော် ပြောကြားခဲ့ကြောင်း၊ ပဲပုတ်သီးနှံမှာ ရေကြီးမှုအပြင် ပင်စည်ထိုးယင်ကောင် ကျရောက်မှုကြောင့် ပျက်စီးမှုပိုမိုများပြားကြောင်း၊ မြေပဲ၊ ဝါ၊ မတ်ပဲနှင့် ပဲတီစိမ်း သီးနှံစိုက်ခင်းများသည်လည်း ရေကြီး မှုကြောင့် ထိခိုက်မှုရှိကြောင်း သိရှိရသည်။ ၎င်းပြည်နယ်၏ ယခုနှစ်မိုးရာသီ ဆီထွက်သီးနှံထုတ်လုပ်မှုမှာ ၁၀% မှ ၁၂% အထိ လျော့ကျဖွယ်ရှိသည်ဟု အိန္ဒိယဆီကြိတ်စက်လုပ်ငန်းရှင်များအသင်းနှင့် ပဲပုတ်စေ့လုပ်ငန်းရှင်များအသင်းတို့က ခန့်မှန်းလျက် ရှိကြောင်း၊ ရေကြီးမှုကြောင့် ပဲတီစိမ်းနှင့် မတ်ပဲစိုက်ခင်းများ ထိခိုက်ပျက်စီးမှုနှင့်အတူ ပြည်တွင်းသို့ မတ်ပဲတင်သွင်းမှုအား ဩဂုတ်လ ၃၁ ရက်နေ့ နောက်ပိုင်းကာလအထိ အချိန်တိုးမြှင့်ပေးရန် အိန္ဒိယအစိုးရ၏ ငြင်းဆန်နေခြင်းက မတ်ပဲဈေးနှုန်းအား ၈% မှ ၁၀% အထိ လည်းကောင်း၊ ပဲတီစိမ်းဈေးနှုန်းအား ၅% မှ ၆% အထိ လည်းကောင်း မြင့်တက်စေခဲ့သည်ဟု အိန္ဒိယပဲခွဲစက်လုပ်ငန်းရှင်များအသင်းကပြောဆိုကြောင်း Economic Times သတင်းဌာနက ဖော်ပြ ပါသည်။

အိန္ဒိယနိုင်ငံ ကောက်ပဲသီးနှံ သိုလှောင်ထိန်းသိမ်းရေးကော်ပိုရေးရှင်း (National Bulk Handling Corporation) ၏ သုတေသနဌာနအကြီးအကဲ Mr. Hanish Kumar Sinha က ယခုနှစ် မိုးရာသီကာလ၌ ဧရိယာတိုးတက်စိုက်ပျိုးနိုင်သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုက ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်ရရှိနိုင်မှုကို အဟန့်အတားဖြစ်စေကြောင်း၊ လက်ရှိ အခြေအနေအရ မိုးသီးနှံ ပဲပုတ်စေ့ ထုတ်လုပ်နိုင်မှုမှာ ၁၅% မှ ၂၀% အထိ လျော့ကျဖွယ်ရှိပြီး စက်တင်ဘာလ အတွင်း

မိုးရွာသွန်းမှု ဆက်လက်အားကောင်းခဲ့ပါက ထို့ထက်ပိုမိုနိုင်ကြောင်း ပြောဆိုပါသည်။ ထို့အတူ မြေပဲစိုက်ပျိုးသည့် ဒေသများ၌ ရေကြီးမှုများက မိုးသီးနှံမြေပဲ ထုတ်လုပ်မှုအား ၁၀% အထိ လျော့ကျစေနိုင်ကြောင်း စားသုံးဆီလုပ်ငန်းနယ်ပယ်မှ ပညာရှင် Mr. Govindbhai Patel က The Hindu Business Line သတင်းဌာနသို့ ပြောကြားပါသည်။

အန္တရာပရာဒေ့ရှ်၊ တဲလန်ဂါနာ၊ ဘီဟာ၊ ဩရိဿာစသည့် ပြည်နယ်များတွင်လည်း ရေကြီးရေလျှံမှုများကြောင့် စပါးနှင့် အခြားသီးနှံစိုက်ခင်းများ ထိခိုက်မှုရှိနိုင်ကြောင်း၊ ရေကြီးနစ်မြုပ်နေမှုများ ကျဆင်းသွားချိန်မှသာ သီးနှံစိုက်ခင်းများထိခိုက်မှု စုစုပေါင်းပမာဏကို စာရင်းကောက်ယူမှန်းဆနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source:

1. Rains to impact pulses' crop in Vidarbha region, 31 Aug 2020, Times of India
2. Crops in 7 lakh hectare area of MP damaged by rain, flood, 13 Aug 2020, Outlook India
3. Crop damage likely across 8L ha – Ahmedabad News, 2 Sept 2020, Times of India
4. Rains impact moong harvest in Karnataka, 24 Aug 2020, The Hindu Business Line
5. Excessive rains raising fears of floods and pest attack, likely to affect crop output, 28 Aug 2020, Economic Times
6. MP soybean output might drop 10–12% due to pest attack, 26 Aug 2020, Business Standard
7. Heavy rains cloud kharif oilseed crop prospects in Central India, 1 Sept 2020, The Hindu Business Line
8. Farmers Reeling from Crop Losses Due to Floods Across India, 31 Aug 2020, www.grainmart.in

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## မော်တော်ကားဝယ်ယူရာတွင် "Environmental Performance Discount" ကို ထည့်သွင်းစဉ်းစားပြီး အခွန်လျှော့ချခြင်းကို သက်တမ်းတိုးရန်ပြင်ဆင်နေ

ဂျပန်အစိုးရသည် ၂၀၂၁ ခုနှစ် မတ်လကုန်အထိ မော်တော်ယာဉ်ဝယ်ယူရာတွင် ကောက်ခံ သည့်အခွန်တွင် "Environmental Performance Discount" အခွန်လျှော့ချထားခြင်း အစီအမံကို ပြန်လည် တိုးချဲ့ဆောင်ရွက်နိုင်ရေး ထည့်သွင်း စဉ်းစားနေကြောင်း သိရပါသည်။ လက်ရှိ ဂျပန်နိုင်ငံ သည် ကိုရိုနာကူးစက်ကပ်ရောဂါ တကျော့ပြန် ကူးစက်နေမှုကြောင့် စီးပွားရေးထိခိုက်မှုနှင့် ရင်ဆိုင်နေရပါသည်။

စက်တင်ဘာလတွင် စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ ဘဏ္ဍာရေး နှစ်အတွက် အခွန်ပြုပြင် ပြောင်းလဲမှုဆောင်ရွက်ရန် တောင်းဆိုမှုတွင်ထည့်သွင်းရန် ပြင်ဆင်မှုများပြုလုပ်နေပြီး ယခုနှစ်အကုန်တွင် လက်ရှိအာဏာရ ပါတီ၏ အခွန် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရပါသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် စားသုံးမှုအခွန် တိုးမြှင့်ခဲ့သည့်အခါ "Environmental Performance Discount" ကို ၁% လျှော့ချခဲ့ပါပြီး ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့သော် အာဏာရပါတီသည် ကိုရိုနာ ကပ်ရောဂါ ကူးစက်နေမှုကြောင့် ပြည်တွင်း၌ ပုဂ္ဂလိကစားသုံးမှုအပိုင်းကျဆင်းလာမှုကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ၆ လ သက်တမ်း ထပ်မံတိုးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်။

သို့သော် လက်ရှိ ကိုရိုနာကပ်ရောကူးစက်မှု ဖြစ်ပွားခြင်း၏ အနာဂတ်ကို မည်သူမျှ ကြိုတင် ခန့်မှန်းနိုင်မှုမရှိသေးသဖြင့် မော်တော်ယာဉ်လုပ်ငန်းနှင့်ဆက်နွယ်နေသော ကုမ္ပဏီများစွာအပါအဝင် မော်တော်ယာဉ်လုပ်ငန်း ကဏ္ဍတစ်ရပ်လုံး၏ အလုပ်အကိုင်များစွာတွင် ခက်ခဲသောအကျပ်အတည်းအနေအထားနှင့် ရင်ဆိုင်နေရပါသည်။ လာမည့် ၂၀၂၁ ခုနှစ်၊ မတ်လ အကုန်တွင် ကိုရိုနာကပ်ရောဂါကူးစက်မှုကို ဖြေရှင်းနိုင်မည်ဆိုစေကာမူ နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူရန်အချိန်ကြာမြင့်မည် ဟု မျှော်လင့်ရသည်။ ထို့ကြောင့် လာမည့်နှစ်မတ်လကုန်တွင် အခွန်လျှော့ချမှုကို ရပ်ဆိုင်းလိုက်ပါက စားသုံးသူများမှ အခွန်တိုးမြှင့်မှု အဖြစ် မှတ်ယူသွားမည်ဟု စိုးရိမ်ပူပန်မှုများရှိနေပါသည်။ အဆိုပါကိစ္စသည် ပြည်တွင်းစီးပွားရေးတစ်ခုလုံးအပေါ် ကြီးမားသော အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်းကိုလည်း သုံးသပ်နေကြပါသည်။

အခြားတစ်ဖက်တွင်မူ အာဏာရပါတီမှ လူအချို့က အစိုးရသည် ဆောင်းဦးရာသီအပြီး စီးပွားရေးအစီအမံများကို ထပ်မံထည့်သွင်းစဉ်းစားလိမ့်မည်ဟု ယုံကြည်နေကြပါသည်။ ထိုသို့ စဉ်းစားမှုတွင် "Environmental Performance Discount" နှုန်းကို ပြန်လည် တိုးမြှင့်ခြင်းဆိုင်ရာ ဆွေးနွေးမှုများသည် ယခုနှစ်ကုန်မတိုင်မီ စတင်လိမ့်မည်ဟု မျှော်လင့်နေကြကြောင်းနှင့် "Environmental Performance Discount" သာမက အခြားမော်တော်ယာဉ်နှင့်ပတ်သက်သောအခွန်များကို လျှော့ချရန်အတွက်လည်း စဉ်းစားနိုင်ကြောင်း သုံးသပ်နေကြပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (4.9.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Sep. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +100 | +1.02% | 9,900 | 9,900 | 9,900 | 49 | 485,100 | 27,112,747 | 268,416 |
| MTSH | 00002 | 3,650 | +50 | +1.39% | 3,650 | 3,650 | 3,600 | 339 | 1,224,850 | 38,929,150 | 142,091 |
| MCB | 00003 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 28 | 222,500 | 10,400,986 | 82,168 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 20 | 440,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +100 | +3.70% | 2,800 | 2,800 | 2,750 | 689 | 1,928,850 | 12,823,224 | 35,905 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 18 | 55,800 | 19,977,223 | 61,929 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 433.41 | +3.29 | +0.76% | 434.11 | 434.11 | 431.67 | 1,143 | 4,357,100 | 6 | 644,894 |

**Index chart**




## Market Overview

As of 1:00 pm, 4th Sep. 2020

| MYANPIX | 433.41 ▲ 3.29 |
|---|---|
| Total Volume (shares) | 1,143 |
| Total Value (MMK) | 4 mil |
| Listed Company | 6 |
| Market Cap. (MMK) | 644,894 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 100 |
| MTSH | 00002 | 3,650 | ▲ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 100 |
| EFR | 00006 | 3,100 | ▲ 0 |